“အချို့သော အုပ်စုများသည် ဂျုမုအဟ်ဆွလာသ်များကို

စွန့်ခွာခြင်းမှ ဧကန်မလွဲ ရှောင်ကြဉ်ကြလိမ့်မည်။

သို့မဟုတ်ပါက အလ္လာဟ်အရှင်မြတ်သည် သူတို့၏

နှလုံးသားများကို ဧကန်မလွဲ တံဆိပ်ခတ်တော်မူမည်။

ထို့နောက် သူတို့သည် ဧကန်မလွဲ သတိမေ့နေသူများထဲတွင်ပါဝင်သွားကြလိမ့်မည်။

အဗ်ဒုလ္လာဟ် ဗင်န် အုမရ်နှင့် အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟုမာ) တို့က
ဆင့်ပြန်ခဲ့သည်။ ဧကန်အမှန်ပင် ၎င်းတို့နှစ်ဦးသည် ရစူလ်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏ တရားဟောစင်မြင့်ပေါ်တွင် ဤသို့
မိန့်ကြားသည်ကို ကြားခဲ့ကြသည်- “အချို့သော အုပ်စုများသည် ဂျုမုအဟ်ဆွလာသ်များကို
စွန့်ခွာခြင်းမှ ဧကန်မလွဲ ရှောင်ကြဉ်ကြလိမ့်မည်။ သို့မဟုတ်ပါက
အလ္လာဟ်အရှင်မြတ်သည် သူတို့၏ နှလုံးသားများကို ဧကန်မလွဲ တံဆိပ်ခတ်တော်မူမည်။
ထို့နောက် သူတို့သည် ဧကန်မလွဲ သတိမေ့နေသူများထဲတွင် ပါဝင်သွားကြလိမ့်မည်။"
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် မိမိ၏တရားဟောစင်မြင့်ပေါ်တွင်ရှိစဉ် ဂျုမုအဟ်ဆွလားသ်ဝတ်ပြုခြင်းကိုပေါ့ဆမှုကြောင့်ဖြစ်စေ၊ ပျင်းရိမှုကြောင့်ဖြစ်စေ၊ အကြောင်းမဲ့စွန့်လွှတ်ခြင်းနှင့် နောက်ကျကျန်နေခြင်းတို့မှ သတိပေးနှိုးဆော်တော်မူခဲ့သည်။သို့မဟုတ်ပါက အလ္လာဟ်အရှင်မြတ်သည် သူတို့၏ နှလုံးသားများကို တံဆိပ်ခတ်တော်မူပြီးဖုံးအုပ်ကာ အမှန်တရားကို လိုက်နာခြင်းမှ တားဆီးသော အတားအဆီးတစ်ခုဖြစ်စေတော်မူလိမ့်မည်။ ထို့နောက် သူတို့သည် ကောင်းမှု၏ အကြောင်းတရားများမှမေ့လျော့သူများ၊ ဝတ်ပြုကိုးကွယ်မှုများကို စိတ်မဝင်စားသူများထဲမှဖြစ်သွားကြလိမ့်မည်။

http://sunnah.global/hadeeth/my/show/65767